ငါကိုယ်တော်၏ ကောင်ဆရ်ရေကန်(၏အကျယ်အဝန်း)သည်

တစ်လတာခရီး အကွာအဝေးမျှရှိ၏။ ၎င်း၏ရေသည်

နို့ထက်ပို၍ဖြူပြီး ၎င်း၏ရနံ့သည် ကတိုးထက်သာပို၍

မွှေးကြိုင်သည်။

အဗ်ဒုလ္လာဟ်ဗင်န်အမ်ရ် (ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ ငါကိုယ်တော်၏ကောင်ဆရ်ရေကန်(၏အကျယ်အဝန်း)သည် တစ်လတာခရီး အကွာအဝေးမျှရှိ၏။ ၎င်း၏ရေသည်
နို့ထက်ပို၍ဖြူပြီး ၎င်း၏ရနံ့သည် ကတိုးထက်သာပို၍ မွှေးကြိုင်သည်။
၎င်းရေကန်၌ရှိသော ရေခွက်များသည် မိုးကောင်းကင်ရှိ ကြယ်တာရာတမျှရှိသည်။
၎င်းရေကန်မှရေကို သောက်လိုက်သောသူသည် မည်သည့်အခါမှ ရေငတ်တော့မည်မဟုတ်ပေ။
[صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့သည်မှာကိယာမသ်နေ့တွင် မိမိအတွက် ကောင်ဆရ်ရေကန်တော်ရှိမည်ဖြစ်ပြီး ထိုရေကန်၏ အလျား၊အနံသည်တစ်လတာခရီး အကွာအဝေးမျှရှိသည်။ ၎င်း၏ရေသည် နို့ထက်ပို၍ဖြူပြီး ၎င်း၏ရနံ့သည်ကတိုးထက်ပင် သာပိုမွှေးကြိုင်သည်။ ၎င်းရေကန်၌ရှိသော ရေခွက်များသည် မိုးကောင်းကင်ရှိကြယ်တာရာများပမာ များပြားလှသည်။ ထိုခွက်များဖြင့် ၎င်းရေကန်မှရေကိုသောက်လိုက်သောသူသည် မည်သည့်အခါမှ ရေငတ်လိမ့်မည်မဟုတ်ပေ။

http://sunnah.global/hadeeth/my/show/65030